# မေးလေ့မေးထရှိသော မေးခွန်းများ

**မည်သည့် ပန်းခြံ၊ အပန်းဖြေစခန်းများအား ဖွင့်လှစ်ပေးထားသနည်း**
ဇွန်လ 4 ရက်နေ့ မှစ၍ အစိုးရစီမံကွပ်ကဲသော လူထုအပန်းဖြေစခန်းများအား **နေ့တာအတွက်သာ** ပြန်လည်ဖွင့်လှစ်ပေးလိုက်ပါသည်။

မြို့တော်ဝန် Jay Inslee ၏ **လုံခြုံစွာဖြင့် အစပျိုးခြင်း**အစီအစဉ်အရ အဆင့် 2 သတ်မှတ်ထားသော ကောင်တီများစွာတွင် တဲထိုးစခန်းချခြင်းများကိုပြန်လည်ဖွင့်လှစ် ပေးလျက်ရှိပါသည်။

အဆင့် 2 သတ်မှတ်ထားသော ကောင်တီများတွင်လည်း အစိုးရမှ စီမံကွပ်ကဲပေးသည့် ပြည်နယ်ပိုင်ပန်းခြံများတွင် အပျော်စီးလှေ နှင့် ဆိပ်ကမ်းများကိုလည်း ဖွင့်လှစ်ပေးထားပါသည်။

စခန်းချနေရာများပန်းခြံများ နှင့် အခြားသော အစိုးရမှ စီမံကွပ်ကဲပေးသည့် အပန်းဖြေစခန်းများများသို့ လည်ပတ်ခြင်းနှင့် စပ်လျဉ်းသည့် လက်ရှိအနေအထားကိုသိရှိလိုပါက-

- Washington State Parks — ပန်းခြံများ
- Washington Department of Fish and Wildlife — ပိတ်သိမ်းထားခြင်း နှင့် တားမြစ်ပိတ်ပင်ခြင်းများစာရင်း
- Washington State Department of Natural Resources — အပန်းဖြေစခန်းဖွင့်လှစ်မှုများ

**သတိပြုရန်- ကောင်တီအရာရှိများ၏ ညွှန်ကြားချက်အရ** တချို့သော အဆင့် 2 ရှိ ကောင်တီများတွင် **တဲထိုးစခန်းချခြင်းများကို ချက်ချင်း ပြန်လည် ဖွင့်လှစ်**မည်မဟုတ်ပါ။ Washington State Parks အနေဖြင့် စခန်းချခြင်းများကို ပြန်လည်ဖွင့်လှစ်ရန် အကောင်းဆုံး ချဉ်းကပ်နည်းကို ရှာဖွေနိုင်ဖို့ အထက်ပါ အဖွဲ့အစည်း အသိုက်အဝန်းများကို ဆက်လက်၍ ထောက်မပြီး အတူလက်တွဲလုပ်ဆောင်သွားမည် ဖြစ်သည်။

**Discover Pass လိုအပ်ပါသလား**
လိုအပ်ပါသည်။ သင်၏ မော်တော်ယဉ်ကို ပြည်နယ်ပိုင် အပန်းဖြေစခန်းများ နှင့် Washington State Parks နှင့် Department of Natural Resources (DNR) တို့မှ စီမံကွပ်ကဲပေးသည့် ရေရှိသည့်နေရာများတွင် ရပ်နားနိုင်ရန်အတွက် Discover Pass ကိုလိုအပ်မည် ဖြစ်သည်။ ယင်း စခန်းများတွင် ပြည်နယ်ပိုင်ပန်းခြံများ၊ ရေရှိသည့် နေရာများ၊ ယဉ်ကျေးမှုနှင့် ဆိုင်သည့် နေရာများ၊ သားရိုင်းတိရစ္ဆာန် နှင့် သဘာဝဘေးမဲ့တောများ၊ DNR စခန်းများ၊ လူသွားသဘာဝတောလမ်းများ နှင့် စခန်းများအပြင် DNR မြေမြင့်ပိုင်းများအားလုံး ပါဝင်သည်။ Discover Pass သည် ပြည်နယ်ပိုင် ပန်းခြံများအတွင်း နေ့တာလည်ပတ်မှုများအတွက်သာ လိုအပ်ပါသည်။

Washington Department of Fish and Wildlife (WDFW) မှကွပ်ကဲသောနေရာများတွင်လည်း Discover Pass ကိုလိုအပ်မည်ဖြစ်သည်။ သင့်တွင် တရားဝင်အမဲလိုက် လိုင်စင် သို့မဟုတ် ငါးမျှားလိုင်စင် ဖြင့် ဝယ်ယူထားသည့် Vehicle Access Pass မရှိပါက ယင်းကို ရေရှိသည့်နေရာများ နှင့် သားရိုင်းတိရစ္ဆာန်ဘေးမဲ့တောများအတွက်ပါ လိုအပ်ပါသည်။

### ပြည်နယ် စခန်းများအနေနှင့် ပိတ်သိမ်းထားခဲ့သည့်အတွက် Discover Pass အတွက်ငွေပြန်အမ်းပေးခြင်း သို့မဟုတ် သက်တမ်းတိုးပေးခြင်းများကို ပြုလုပ်ပေးပါသလား

Discover Pass များကို သက်တမ်းတိုးပေးခြင်း သို့မဟုတ် ငွေပြန်အမ်းပေးခြင်းများကို မလုပ်ဆောင်ပေးပါ။

နှစ်စဉ်သုံး Discover Pass အတွက် $30 ကျသင့်မည်ဖြစ်ပါသည်။ တစ်နေ့တာသုံး လက်မှတ်သည် $10 ဖြစ်၍ နှစ်စဉ်သုံး လက်မှတ်အတွက်ကျသင့်ငွေသည် သုံးခေါက်စာ လည်ပတ်ခ နှင့် ကိုက်ညီသည်။

12 လ အနေဖြင့် တွက်ချက်ပါက လစဉ်ပျမ်းမျှကုန်ကျငွေမှာ $2.50 သာဖြစ်ပါသည်။ ပြည်နယ်စခန်းများကို မတ်လ 23 ရက်မှ မေလ 5 ရက်နေ့အထိ ငါးပတ်မျှသာ ပိတ်သိမ်းခဲ့ပါသည်။

ပြည်နယ်ပိုင် ပန်းခြံများအနေဖြင့် နွေဦးရာသီတွင် နိုင်ငံတော်အခွန်ငွေများသိသာစွာဆုံးရှုံးခဲ့ ပြီး မကြာသေးမီက ဖြစ်ပွားခဲ့သည့် စီးပွားရေးထိုးဆင်းမှုအခြေအနေတွင်လည်း ငွေကြေးဖြတ်တောက်ခံရမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

မည်သို့ပင်ဖြစ်စေ၊ သင်၏ လက်မှတ်မှ အကျိုးအပြည့်အဝခံစားနိုင်ရန်အတွက် ဝါရှင်တန်ပြည်နယ်၏ ပန်းခြံများ နှင့် စခန်းများကို လာမည့် နွေရာသီတွင် မကြာခဏလာရောက် လည်ပတ်ရန်အတွက် သင့်ကို ကျွန်ုပ်တို့ တိုက်တွန်းလိုပါသည်။

### ကစားကွင်းများ ဖွင့်လှစ်ထားပါသလား

COVID-19 ကူးစက်မှုကို လျှော့ချနိုင်ရန် ပြည်နယ်ပိုင် ပန်းခြံကစားကွင်းများကို ရက်အကန့်အသတ်မရှိ ပိတ်ထားပါသည်။

### သန့်စင်ခန်းများကို ဖွင့်ပါမည်လား

ဖွင့်ပါမည်။ ဖွင့်လှစ်ထားသည့် ပန်းခြံများတွင် နေ့တာသုံး ဧရိယာများတစ်ဝိုက် နှင့် တဲထိုးစခန်းချနိုင်သော ဧရိယာများတွင် သန့်စင်ခန်းများကို ဖွင့်လှစ်ပေးထားမည် ဖြစ်သည်။ တချို့သော နေရာများ နှင့် တဲထိုးစခန်းချခြင်းကို ပိတ်သိမ်းထားသော နေရာများတွင် သန့်စင်ခန်းများကို ပိတ်ထားနိုင်ပါသည်။

ကြိုတင်ပြင်ဆင်လာပါ။ သင်၏ ကိုယ်ပိုင်သုံးအကာအကွယ် ပစ္စည်းများ၊ ရေ၊ ဆပ်ပြာ၊ လက်သန့်ဆေးရည် နှင့် အိမ်သာသုံးစက္ကူ နှင့် လိုအပ်နိုင်သည့် ပစ္စည်းများအားလုံးကို သင်နှင့်တစ်ပါတည်း ယူလာပါ။

ညှိသည်များအတွက် စင်တာများ နှင့် ပန်းခြံအဆောက်အဦးများကဲ့သို့သော ပန်းခြံထိန်းသိမ်းရေးရုံးများကို ပြည်သူလူထုအတွက် ပိတ်သိမ်းထားဆဲ ဖြစ်ပါသည်။

**သဘော်ကျင်းများ၊ကူးတို့ဆိပ်များ နှင့် အဏ္ဏဝါပန်းခြံ အဆောက်အဦးများကို ဖွင့်လှစ်ထားပါသလား**

သဘော်ကျင်းများကို အသုံးပြုနိုင်ပြီး ကူးတို့ဆိပ်များကို ဖွင့်လှစ်ထားသော ပန်းခြံများတွင်သာ ရရှိနိုင်ပါသည်။ သဘော်ကျင်းများကို အသုံးပြုသူများ အနေနှင့် မိမိအိမ်သူအိမ်သားမဟုတ်သူများနှင့် ခပ်ခွာခွာနေခြင်းကို ကျင့်သုံးသင့်ပါသည်။

အဏ္ဏဝါပြည်နယ်ပန်းခြံရှိ သန့်စင်ခန်းများကို အကန့်အသတ်ဖြင့်သာ ဖွင့်ထားပေးမည် ဖြစ်သည်။ ကျေးဇူးပြု၍ မိမိတို့၏ အမှိုက်သရိုက်များကို ပြန်လည်ထုပ်ပိုးပေး၍ ကျွန်းများတွင်လည်း သောက်ရေ မရရှိနိုင်ပါ။

**ကျောက်ချခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များ နှင့် စည်းမျဉ်း ကန့်သတ်ချက်များ ရှိပါမည်လား ကမ်းခြေဧရိယာများရှိ လှေငယ်လေးများအတွက်ကော မည်သို့နည်း**

ကျောက်ချခြင်းနှင့် စပ်လျဉ်းသော စည်းမျဉ်းများ နှင့် ကန့်သတ်ချက်များသည် COVID-19 ပိတ်သိမ်းမှုများ မရှိခင်က နဂိုမူလအတိုင်းပင် ဖြစ်ပါသည်။ အထူးသတ်မှတ်ပြဋ္ဌာန်းချက်များ မရှိပါ။

**pumpout များကော ဖွင့်လှစ်ထားပါသလား**

ပြည်နယ်ပိုင် ပန်းခြံအတွင်းရှိ pumpout များတချို့ကို အသုံးပြုနိုင်ပါသည်။

ဝါရှင်တန်ရှိ pumpout အတော်များများသည် အများပြည်သူဆိပ်ကမ်းများ နှင့် ကိုယ်ပိုင်ဆိပ်ကမ်းများတွင် ရရှိနိုင်ပါသည်။ မော်တော်ဘုတ်အသုံးပြုသူများအနေဖြင့် pumpout များ ဖွင့်၊မဖွင့် နှင့် အသုံးပြု၍ ရနိုင်၊မနိုင်ကို သက်ဆိုင်ရာ ဆိပ်ကမ်းထံ မေးမြန်း၍ အသုံးပြုနိုင်ပါသည်။ ဝါရှင်တန်၏ pumpout တည်နေရာများကို သိရှိလိုပါက-parks.state.wa.us/657/Pumpout သို့ဝင်ရောက်လည်ပတ်ပါ။

**ပန်းခြံသည် နေ့တာသုံးအနေဖြင့်သာ ဖွင့်လှစ်ထားပါက မည်သည့်အချိန်တွင် ပိတ်သနည်း**

နေ့တာသုံး ပန်းခြံများသည် နေဝင်သည့် အချိန်တွင် ပိတ်ပါသည်။

**တဲထိုးစခန်းချခြင်း သို့မဟုတ် ညတည်းခိုရန်အတွက် ကြိုတင်စာရင်းသွင်းထားမိပါက ငွေပြန်အမ်းပေးပါသလား**

အခြေအနေပေါ်တွင် မူတည်ပါသည်။

- **ပိတ်သိမ်းမှုကြောင့် အကျိုးသက်ရောက်ခဲ့သည့်တည်းခိုမည့် ဧည့်သည်များ**- ပိတ်သိမ်းမှုကြောင့် အကျိုးသက်ရောက်မှုများရှိခဲ့သည့် ညတည်းခိုရန် စာရင်းသွင်းထားသည့် ဧည့်သည်များကို ကျွန်ုပ်တို့ ဆက်သွယ်ပေးလျက်ရှိပြီး ငွေအပြည့်ပြန်အမ်းပေးနေပါသည်။
- **ဖွင့်လှစ်ထားသည့် တဲထိုးစခန်းချ ပန်းခြံများတွင်** ညတည်းခိုရန် ကြိုတင်စာရင်းသွင်းထားမိသည့် ဧည်သည့်များကို ငွေပြန်အမ်းပေး၍ မရနိုင်သည့် အခကြေးငွေများဖြစ်သည့် (ကြိုတင်စာရင်းသွင်းခ $8 မှ $10 နှင့် $8 မှ 10 ဖျက်သိမ်းခ ) များမှလွဲ၍ ငွေအပြည့်ပြန်လည်အမ်းပေးနေပါသည်။ ကြိုတင်စာရင်းသွင်းခသည် အွန်လိုင်းမှတဆင့် ပြုလုပ်ထားပါက $8 ကျသင့်မည်ဖြစ်ပြီး ဖုန်းမှတဆင့် ပြုလုပ်ထားပါက $10 ဖြစ်ပါသည်။

သင်၏ လက်ရှိ တဲထိုးစခန်းချခြင်းအတွက် ကြိုတင်စာရင်းသွင်းခြင်းနှင့် ပတ်သက်၍ မေးမြန်းစရာရှိပါက၊ ကျေးဇူးပြု၍ (888) CAMPOUT သို့မဟုတ် (888) 226-7688 သို့ ဆက်သွယ်ခေါ်ဆိုနိုင်ပါသည်။

**တဲထိုးစခန်းချခြင်းကို လက်ရှိတွင် ပိတ်သိမ်းထားသည့် ပန်းခြံတွင် ကြိုတင်စာရင်းသွင်းထားမိပါက မည်ကဲ့သို့ ဖြစ်မည်နည်း မိမိ၏ ကြိုတင်စာရင်းသွင်းခြင်း ပယ်ဖျက်သွားကြောင်း မည်သည့် အချိန်တွင် သိရမည်နည်း**

ပြောင်းလဲနေသော အခြေအနေအပေါ်မူတည်၍ဆောင်ရွက်ရသည့် အပေါ်တွင် သင်တို့၏ စိတ်ရှည်ပေးမှုအတွက် ကျေးဇူးတင်ပါသည်။ သင်တို့၏ အားလပ်ရက်အစီအစဉ်များမှာ အရေးကြီးသည်ကို သိမြင်နားလည်ပြီး ဤနွေရာသီတွင် မိမိနှစ်သက်သည့် ဝါရှင်တန်ပြည်နယ်၏ ပန်းခြံတွင် တဲထိုးစခန်းချနိုင်ရန် ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

အထက်ပါ အကြောင်းရင်းကြောင့် သင်တို့ ကြိုတင်စာရင်းသွင်းထားသည့် ရက်စွဲတွင် ကျွန်ုပ်တို့ ၏ပန်းခြံတွင် တဲထိုးစခန်းချ၍ ရနိုင်၊မနိုင်ကို မသေချာမချင်း ကြိုတင်စာရင်းသွင်းထားရာများကို ပယ်ဖျက်ရန်တွန့်ဆုတ်မိပါသည်။ သို့ဖြစ်၍ သင်စီစဉ်ထားသည့် ရက်စွဲမတိုင်ခင် ရက်အနည်းငယ်အလိုမှသာလျှင် ကျွန်ုပ်တို့ ဆက်သွယ်မည် ဖြစ်သည်။

တဲထိုးစခန်းချရန်အတွက် ပိတ်သိမ်းလိုက်သည့် ပန်းခြံအတွက် သင်သည်ကြိုတင်စာရင်းသွင်းထားမိပါက ကျွန်ုပ်တို့ အနေဖြင့် အီးမေးလ်မှ တဆင့်ဆက်သွယ် အကြောင်းကြား၍ ငွေအပြည့်ပြန်လည်အမ်းပေးသွားမည် ဖြစ်သည်။

သင်၏ ကြိုတင်စာရင်းသွင်းထားခြင်း နှင့် စပ်လျဉ်း၍ မေးမြန်းစရာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက၊ ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ ကြိုတင်စာရင်းသွင်းအဖွဲ့ ဖြစ်သည့် 888-CAMPOUT (888-226-768) သို့ ဆက်သွယ်နိုင်ပါသည်။

**လူများလာပါက ပြည်နယ်စခန်းများကို ပြန်လည်ပိတ်သိမ်းပါမည်လား**

စခန်းများကို ပြန်လည်ဖွင့်လှစ်ရာတွင် ခပ်ခွာခွာနေခြင်းကို ဆက်လက်၍ ကျင့်သုံးရန် ကျွန်ုပ်တို့ တောင်းဆိုလျက်ရှိပါသည်။ အကယ်၍ အုပ်စုကြီးများအလိုက် စုဆုံနေခြင်း သို့မဟုတ် ခပ်ခွာခွာနေခြင်းကို မကျင့်သုံးပါက ပန်းခြံကို ပိတ်ခြင်း သို့မဟုတ် ပန်းခြံအတွင်းရှိ နေရာတချို့ကို ပိတ်သိမ်းရန် စဉ်းစားပါလိမ့်မည်။

အကယ်၍ COVID-19 နှင့် စပ်လျဉ်းသည့် လုံခြုံရေးအခြေအနေများသည် စိုးရိမ်စရာဖြစ်လာပါက ပြည်သူလူထု၏ ကျန်းမာရေး နှင့် လုံခြုံရေးကို ရှေးရှုသည့်အနေဖြင့် Washington Department of Fish and Wildlife (WDFW)၊Natural Resources (DNR) နှင့် ပြည်နယ်ပိုင် ပန်းခြံများကို အကန့်အသတ်ဖြင့်ပိတ်သိမ်းထားမည် ဖြစ်သည်။

**လူများလာခြင်း၊ အမှိုက်သရိုက်များ သို့မဟုတ် ဘေးမဲ့တောများ သို့မဟုတ် လှေများအသုံးပြုခြင်း နှင့် စပ်လျဉ်း၍  WDFW သို့ မည်ကဲ့သို့ သတင်းပို့ တိုင်ကြားနိုင်သနည်း**

ပြည်သူများအနေဖြင့် ပြဿနာအခက်အခဲများကို Washington Department of Fish and Wildlife ၏ ဝက်ဘ်ဆိုက်တွင် ဝင်ရောက်သတင်းပို့ တိုင်ကြားနိုင်ပါသည်။

**မိမိ၏ ဒေသခံ ပြည်နယ်ပန်းခြံများတွင် လုပ်အားပေးအနေဖြင့် သန့်ရှင်းထိန်းသိမ်းပေးခြင်းများကို လုပ်ဆောင်၍ ရနိုင်ပါသေးသလား**

လတ်တလောတွင် မရနိုင်သေးပါ။ ကျွန်ုပ်တို့၏ လုပ်အားပေးများ နှင့် ကြိုးစားလုပ်ကိုင်ပေးသည့် အချိန်များစွာကို တန်ဖိုးထားလေးမြတ်ပါသည်။ သို့သော်လည်း လုပ်အားပေးအစီအစဉ်များကို အကန့်အသတ်မဲ့ ရပ်နားထားပါသည်။ ပြည်နယ်ပိုင် ပန်းခြံများအနေဖြင့် တဲထိုးစခန်းချခြင်း နှင့် လုပ်အားပေးအစီအစဉ်များကို လာမည့် နွေရာသီ အဆုံးပိုင်းတွင် ပြန်လည် စတင်နိုင်ရန် ကြိုးစားလုပ်ဆောင်နေပါသည်။ နောက်ဆုံးရ အချက်အလက်များကို စစ်ရန် သို့မဟုတ် Volunteer Program ကို ဆက်သွယ်လိုပါက အီးမေးလ်ဖြင့် ဖြစ်စေ သို့မဟုတ် (360) 902-8583 သို့ ဖုန်းခေါ်ဆိုနိုင်ပါသည်။

**အပန်းဖြေသစ်သားအိမ်များ နှင့် အခန်းများ မည်သည့် အချိန်တွင် ဖွင့်မည်နည်း**

Cabins, yurts and rustic shelters များအတွက် အသစ်သောစာရင်းသွင်းခြင်းများကို ဇွန်လ 30 ရက်နေ့အထိ ပိတ်ထားမည်ဖြစ်သည်။အပန်းဖြေသစ်သားအိမ်များကို ဇွန်လတွင် ပြန်လည်ဖွင့်လှစ်ပါက ကြိုတင်စာရင်းသွင်းထားပြီးသားသူများကို ဦးစားပေးမည် ဖြစ်သည်။

**အဖွဲ့လိုက် တဲထိုးစခန်းချခြင်းများကို ဖွင့်လှစ်ထားပါသလား**

အဖွဲ့လိုက် တဲထိုးစခန်းချခြင်းများကို အကန့်အသတ်မဲ့ ပိတ်ထားပါသည်။

**အပန်းဖြေအိမ်များကို ဖွင့်လှစ်ထားပါသလား**

Vacation homes ကို အကန့်အသတ်မဲ့ ပိတ်ထားပါသည်။